
စိရံ တိဋ္ဌတု သဒ္ဓမ္မော

စိရံ တိဋ္ဌတု



သထုံမြို့

# သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်း

(သာသနာနှစ် ၂၄၆၆၊ ကောဇာ ၁၂၈၄ ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၀)ရက် )

၁၉၂၂ ခုနှစ်၊ ဇူလိုင်လ(၃)ရက် တနင်္လာနေ့ တည်ထောင်သည်။

# သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲကြီး

(ပုစ္ဆက ပုဂ္ဂိုလ်များ နှင့် ဝိသဇ္ဇက ပုဂ္ဂိုလ်များ)

အတွက်

## သင်ရိုးညွှန်းတမ်း

✍အရှင်သီလဝံသာလင်္ကာရာဘိဝံသ✍
မျှဝေပူဇော်ပါသည်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## (နိဒါန်း)

ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော် ၂ - ရပ်၏ အခြေခံအုတ်မြစ်သဖွယ် ဖြစ်သော ပရိယတ္တိသာသနာတော်ကြီး စည်ပင်ပြန့်ပွားလျက် ခိုင်မြဲတည်တံ့အရှည်ခံ စေရန်အလို့ငှာ မြန်မာပြည်အရပ်ရပ်မှ (တံဆိပ်ရ, မရ) ပိဋကတ် အကျော်အမော် ဆရာတော်ဘုရားကြီးများ၏ နည်းပေးညွှန်ပြ ဩဝါဒဖြစ် မြတ်စွာဘုရား ဟောကြားတော် မူသည့် နိကာယ်ငါးစုံ ပိဋကတ်သုံးပုံ ပါဠိတော်ကြီးများကို အဋ္ဌကထာ ဋီကာအဖွင့်ကျမ်း စုံလင်စွာနှင့် ပိဋကတ်အခြေခံကျမ်း များစွာတို့ကိုပါ သင်ရိုးတွင် ထည့်သွင်း၍ အဆင့်အတန်းအားဖြင့် ခုနစ်တန်းပိုင်းခြားပြီးလျှင် တစ်တန်းလျှင် ခုနစ်ရက်ကျစီဖြင့် ဖြေဆိုရန် စီစဉ်သတ်မှတ်လျက် ဤသထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတ အသင်းကြီးမှ နှစ်စဉ်ကျင်းပပြုလုပ်အပ်သော (သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲကြီး)၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ စာအုပ်မှ ပြဋ္ဌာန်းထားသည်များ ကို ထုတ်နုတ်၍ ပုစ္ဆကပုဂ္ဂိုလ်များနှင့် ဝိသဇ္ဇကပုဂ္ဂိုလ်များ အလွယ်တကူ သိရှိကျင့်သုံး လိုက်နာ ဆောင်ရွက်တော်မူနိုင်ကြစိမ့်သောငှာ ကောက်နုတ်ဖော်ပြအပ်သည် ဖြစ်ပါကြောင်း။

(အမှုဆောင်အဖွဲ့)
သုဝဏ္ဏဘူမိ ပရိယတ္တိသာသနဟိတအသင်း
သထုံမြို့
၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော်(၈)ရက်

မှတ်ချက်။

စာမေးပွဲကို နှစ်စဉ် နယုန်လပြည့်ကျော်(၈)ရက်မှ နယုန်လပြည့်ကျော်(၁၄)ရက်နေ့အထိ ကျင်းပပါမည်။

ဝင်ခွင့်လျှောက်လွှာများကို ကဆုန်လကွယ်နေ့ နောက်ဆုံးထားပြီး တင်သွင်းကြရပါမည်။

နောက်ကျသော ဝင်ခွင့်လွှာများကို အသိအမှတ်ပြုမည်မဟုတ်ပါ။

အတွင်းရေးမှူး

## နောက်ဆက်တွဲ(ခ)

## ပုဒ္ဓကပုဂ္ဂိုလ်များနှင့်သက်ဆိုင်သော

# ပရိယတ္တိစာမေးပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

[အပိုဒ် ၁၂ (တ)]

ပုစ္ဆကပုဂ္ဂိုလ်သည်

(က) ပုစ္ဆာများထုတ်ဆင်ရာ၌ အခြားသောပုဂ္ဂိုလ်များနှင့် တိုင်ပင် ဆွေးနွေးခြင်း မပြုလုပ်ရ၊ မိမိသဘောအလျောက် ထိပ်တန်း လျှို့ဝှက်၍ ထုတ်ဆင်ရမည်။

(ခ) တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မိမိထုတ်ဆင်သော ပုစ္ဆာများနှင့် ပတ်သက်၍ အခြားပုဂ္ဂိုလ်တစ်ဦးဦးအား တစ်စုံတစ်ရာ ပြောကြားခြင်း မပြုရ။

(ဂ) ပုစ္ဆာများထုတ်ဆင်ပြီးလျှင် မေးခွန်းလွှာများထည့်သောစာအိပ်ကို ချိပ်တံဆိပ် ခတ်နှိပ်၍ အတွင်းရေးမှူးထံသို့ လိုအပ်သော အချိန်ကာလအတွင်း ရောက်ရှိအောင်ပေးပို့ရမည်။

(ဃ) အဖြေလွှာများကို အမှတ်ပေးရန် ရရှိသည့်အခါ အဖြေလွှာများကို ကိုယ်တိုင် ကြည့်ရှုစစ်ဆေးပြီးလျှင် ထိုက်သင့်သောအမှတ်များပေး၍ အတွင်းရေးမှူး ထံသို့ လိုအပ်သောအချိန်ကာလအတွင်း ရောက်ရှိအောင် ပေးပို့ရမည်။

(င) အဖြေလွှာတစ်ခုတွင် အမှတ်ပေါင်းမည်မျှပေးသည်ကို အဖြေလွှာစာအုပ် မျက်နှာဖုံးပေါ်တွင် ထင်ရှားပီသစွာ ရေးသားရမည်။ (အမှတ်ပေါင်းရာ၌ အမှားအယွင်းမရှိစေရန် သတိပြုရမည်။)

(စ) အဖြေလွှာများပေးပို့ရာ၌ အဖြေလွှာများထည့်သော စာအိတ်ကိုချိတ်တံဆိပ်ခတ်နှိပ်၍ ပို့ပေးရမည်။ ၎င်းစာအိတ်တွင် မိမိ၏စံပြအဖြေလွှာကို တစ်ပါတည်း ထည့်ပေးလိုက်ရမည်။

(ဆ) နောက်ဆက်တွဲ(ဂ)တွင် ဖော်ပြထားသည့် သင်ရိုးညွှန်းတမ်းနှင့်အညီ ပုစ္ဆာများ ထုတ်ဆင်ရမည်။

(ဇ) ပုစ္ဆာများထုတ်ဆင်ရာ၌ မေးခွန်းလွှာတစ်စောင်တွင် ဆယ်ပုစ္ဆာကျ ထုတ်ဆင်ရမည်။ ၎င်းဆယ်ပုစ္ဆာတွင် (အနည်းငယ်ခက်သော ပုစ္ဆာတစ်စု၊ အလတ်စားခက်သော ပုစ္ဆာတစ်စု၊ အလတ်စားထက် ခက်သော ပုစ္ဆာတစ်စု) ပေါင်းသုံးစု သုံးစားပါရှိစေရန် ဖြေဆိုသူတို့လေးနာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင်စေရန် နှလုံးသွင်း၍ ထုတ်ဆင်ရမည်။

(ဈ) ပထမဆင့်အတွက် ပုစ္ဆာများထုတ်ဆင်ရာ၌ ပထမဆင့်သည် အနိမ့်ဆုံးအဆင့် ဖြစ်သည့်အားလျော်စွာ အဆင့်အတန်းနှင့် ညီလေအောင် စာဖြေပုဂ္ဂိုလ်တို့ သိလွယ်မည့် စကားအသုံး အနှုန်းဖြင့် ထုတ်ဆင့်ရမည်။

(ည) ဒုတိယဆင့်မှ သတ္တမဆင့်အထိ အဆင့်အတန်းများအတွက် ပုစ္ဆာများထုတ်ဆင်ရာ၌ ဘာသာပြန်မှုတစ်ပါး အခြားကျမ်းများနှင့် ပတ်သက်၍ (အထွက် အတက် အနုသန္ဓေ စုဒ်စောဒနာ စာစပ်ဝါကျခွဲ စသည့် ကျမ်းရိုးဆိုင်ရာ သဒ္ဒါရေးများပါ) ထည့်သွင်းမေးရမည်။

(ဋ) အာဂုံပုစ္ဆာများထုတ်ဆင်ရာ၌ အဆင့်အတန်းအသီးသီးတွင် ဖြေဆိုရန်ပြဋ္ဌာန်းထားသည့် ကျမ်းများ၏အာဂုံဆောင်ရမည့် ကဏ္ဍများမှသာ ပုစ္ဆာများထုတ်ဆင်ရမည်။ (အမှားအယွင်း မရှိစေရန်အထူးသတိပြုရမည်။)

(ဌ) အဆင့်အတန်း အသီးသီးအတွက် မေးခွန်းပုစ္ဆာများကို ဖော်ပြလတ့ံပါစည်းမျဉ်း စည်းကမ်းသတ်မှတ်ချက်များနှင့် အညီထုတ်ဆင်ရမည်။

## ပထမဆင့်မေးခွန်းထုတ်စည်းမျဉ်း

ပထမနေ့- ရူပသိဒ္ဓိ၊ ပုဒ်စစ်၊ သဒ္ဒါစစ်

| | | |
|---|---|---|
| ရူပသိဒ္ဓိ အနက်ယောဇနာ | ၁-ပုစ္ဆာ | ၁၃ မှတ် |
| ပုဒ်စစ် | ၁-ပုစ္ဆာ | ၁၀ မှတ် |
| သဒ္ဒါစစ် | ၁-ပုစ္ဆာ | ၁၀ မှတ် |
| ရူပသိဒ္ဓိ အဓိပ္ပါယ် (တစ်ပုစ္ဆာလျှင် ၇-မှတ်မှ ၁၃-မှတ်အထိ) | ၇-ပုစ္ဆာ | ၆၇ မှတ် |
| | ပေါင်း | ၁၀၀ မှတ် |

ဒုတိယနေ့- အဘိဓမ္မတ္ထသင်္ဂဟ

| | | |
|---|---|---|
| ပါဠိအာဂုံ | ၁-ပုစ္ဆာ | ၁၂ မှတ် |
| အနက်ယောဇနာ | ၁-ပုစ္ဆာ | ၁၃ မှတ် |
| ကျမ်းရင်းအဓိပ္ပါယ် (တစ်ပုစ္ဆာလျှင် ၇-မှတ်မှ ၁၃-မှတ်အထိ) | ၆-ပုစ္ဆာ | ၅၅ မှတ် |
| ဋီကာကျော်လာအဓိပ္ပါယ် | ၂-ပုစ္ဆာ | ၂၀ မှတ် |
| | ပေါင်း | ၁၀၀ မှတ် |

တတိယနေ့ - ဂန္ဓာဘရဏပါဠိ၊ ဘုရားကြီးနိယံ

| | | |
|---|---|---|
| ဂန္ဓာဘရဏပါဠိအာဂုံ | ၁-ပုစ္ဆာ | ၁၀ မှတ် |
| ၎င်းအနက်ပေးယောဇနာ | ၁-ပုစ္ဆာ | ၁၀ မှတ် |
| ၎င်းအဓိပ္ပါယ် | ၃-ပုစ္ဆာ | ၃၀ မှတ် |
| ဘုရားကြီးနိယံအာဂုံ | ၁-ပုစ္ဆာ | ၁၀ မှတ် |
| ၎င်း အဓိပ္ပါယ် | ၄-ပုစ္ဆာ | ၄၀ မှတ် |
| | ပေါင်း | ၁၀၀ မှတ် |

**စတုတ္ထနေ့ - ဝုတ္တောဒယ(ဆန်း)**

| | | |
|---|---|---|
| ပါဠိအာဂုံ | ၁-ပုစ္ဆာ | ၁၂ မှတ် |
| အနက်ယောဇနာ | ၁-ပုစ္ဆာ | ၁၃ မှတ် |
| အဓိပ္ပါယ် (တစ်ပုစ္ဆာလျှင် ၇-မှတ်မှ ၁၃-မှတ်အထိ) | ၈-ပုစ္ဆာ | ၇၅ မှတ် |
| | ပေါင်း | ၁၀၀ မှတ် |

**ပဉ္စမနေ့ - သုဗောဓာလင်္ကာရ (အလင်္ကာ)**

| | | |
|---|---|---|
| အနက်ယောဇနာ | ၂-ပုစ္ဆာ | ၂၅ မှတ် |
| အဓိပ္ပါယ် (တစ်ပုစ္ဆာလျှင် ၇-မှတ်မှ ၁၃-မှတ်အထိ) | ၈-ပုစ္ဆာ | ၇၅ မှတ် |
| | ပေါင်း | ၁၀၀ မှတ် |

**ဆဋ္ဌနေ့ - မဟာသတိပဋ္ဌာနသုတ္တ(ဒီ၊ ၂၊ ၂၃၁)**

| | | |
|---|---|---|
| ပါဠိအာဂုံ | ၁-ပုစ္ဆာ | ၁၂ မှတ် |
| အနက်ယောဇနာ | ၁-ပုစ္ဆာ | ၁၃ မှတ် |
| အဓိပ္ပါယ်(တစ်ပုစ္ဆာလျှင် ၇-မှတ်မှ ၁၃-မှတ်အထိ) | ၈-ပုစ္ဆာ | ၇၅ မှတ် |
| | ပေါင်း | ၁၀၀ မှတ် |

**သတ္တမနေ့ - ဇာတကဋ္ဌကထာ(ပထမ) ၊ နည်းစစ် ၊ သံဝဏ္ဏာစစ်**

| | | |
|---|---|---|
| ပါဠိမှ မြန်မာဘာသာပြန်ဆိုခြင်း | ၃-ပုစ္ဆာ | ၃၀ မှတ် |
| မြန်မာမှ ပါဠိဘာသာပြန်ဆိုခြင်း | ၃-ပုစ္ဆာ | ၃၀ မှတ် |
| မြန်မာစာစီစာကုံး | ၁-ပုစ္ဆာ | ၁၀ မှတ် |

| | | |
|---|---|---|
| ပါဠိစာစီစာကုံး | ၁-ပုစ္ဆာ | ၁၀ မှတ် |
| နည်းစစ် | ၁-ပုစ္ဆာ | ၁၀ မှတ် |
| သံဝဏ္ဏနာစစ် | ၁-ပုစ္ဆာ | ၁၀ မှတ် |
| | ပေါင်း | ၁၀၀ မှတ် |

(၃) ဒုတိယဆင့်မှ သတ္တမဆင့်အထိ အဆင့်များအတွက် ပုစ္ဆာများကို အောက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမှတ်များ သတ်မှတ်ပေးရမည်။

## ဒုတိယဆင့်မှ သတ္တမဆင့်အထိ မေးခွန်းထုတ်စည်းမျဉ်းများ

**အာဂုံပါသောနေ့များ**

| | | | |
|---|---|---|---|
| ပါဠိအာဂုံ | ၁-ပုစ္ဆာ | ၁၂ | မှတ် |
| အနက်ယောဇနာ | ၃-ပုစ္ဆာ | ၃၀ | မှတ် |
| သဒ္ဒါရေး | ၂-ပုစ္ဆာ | ၂၀ | မှတ် |
| ပါ၊ ဌ၊ ဋီ အဓိပ္ပါယ် (တစ်ပုစ္ဆာလျှင်၇-မှတ်မှ၁၃-မှတ်အထိ) | ၄-ပုစ္ဆာ | ၃၈ | မှတ် |
| | ပေါင်း | ၁၀၀ | မှတ် |

**အာဂုံမပါသောနေ့များ**

| | | | |
|---|---|---|---|
| အနက်ယောဇနာ | ၃-ပုစ္ဆာ | ၃၀ | မှတ် |
| သဒ္ဒါရေး | ၂-ပုစ္ဆာ | ၂၀ | မှတ် |
| ပါ၊ ဌ၊ ဋီ အဓိပ္ပါယ် (တစ်ပုစ္ဆာလျှင်၇-မှတ်မှ၁၃-မှတ်အထိ) | ၅-ပုစ္ဆာ | ၅၀ | မှတ် |
| | ပေါင်း | ၁၀၀ | မှတ် |

သတ္တမနေ့ - ဓမ္မပဒဋ္ဌကထာ ၊ ဇာတကဋ္ဌကထာ

| | | |
|---|---|---|
| ပါဠိမှမြန်မာဘာသာပြန်ဆိုခြင်း | ၄-ပုစ္ဆာ | ၄၀ မှတ် |
| မြန်မာမှပါဠိဘာသာပြန်ဆိုခြင်း | ၄-ပုစ္ဆာ | ၄၀ မှတ် |
| မြန်မာစာစီစာကုံး | ၁-ပုစ္ဆာ | ၁၀ မှတ် |
| ပါဠိစာစီစာကုံး | ၁-ပုစ္ဆာ | ၁၀ မှတ် |
| | ပေါင်း | ၁၀၀ မှတ် |

## နောက်ဆက်တွဲ(ဂ)

## သင်ရိုးညွှန်းတမ်းနှင့်သက်ဆိုင်သော

## ပရိယတ္တိစာမေးပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

[အပိုဒ် ၁၂ (တ)]

အပိုဒ် ၁။ အဆင့်အတန်းအသီးသီးတွင် ဖြေဆိုရန်ကျမ်းများကို အောက်ပါသင်ရိုးညွှန်းတမ်းအရ သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။

## သင်ရိုးညွှန်းတမ်း

### ပထမဆင့် = မဟာဝေယျာကရဏိကတန်း

ပထမနေ့ - ရူပသိဒ္ဓိ ၊ ပုဒ်စစ် ၊ သဒ္ဒါစစ်
သုတ်စဉ် သုတ်နက် အာဂုံဆောင်ရမည်။ ရုပ်ပြီးစေရမည်။ အနက် အဓိပ္ပါယ် နားလည်ရမည်။

ဒုတိယနေ့ - အဘိဓမ္မတ္ထသင်္ဂဟ။

ပါဠိအာဂုံဆောင်ရမည်။ အနက်အဓိပ္ပါယ် သရုပ်တို့ကို နားလည်ရမည်။

တတိယနေ့ - ဂန္ဓာဘရဏပါဠိ ၊ ဘုရားကြီးနိယံ
အာဂုံဆောင်ရမည်။ ဋီကာကျမ်း အဖြေကျမ်းတို့၏ အနက်အဓိပ္ပါယ် နားလည်ရမည်။

စတုတ္ထနေ့ - ဝုတ္တောဒယ(ဆန်း)
အာဂုံဆောင်ရမည်။ အနက်အဓိပ္ပါယ် နားလည်ရမည်။ ပါဠိဘာသာဖြင့် ဂါထာမျိုးစုံ စီကုံးနိုင်ရမည်။

ပဉ္စမနေ့ - သုဗောဓာလင်္ကာရ(အလင်္ကာ)
အနက်အဓိပ္ပါယ်နားလည်ရမည်။

ဆဋ္ဌနေ့ - မဟာသတိပဋ္ဌာနသုတ္တ
အာဂုံဆောင်ရမည်။ အနက်အဓိပ္ပါယ်နားလည်ရမည်။

သတ္တမနေ့ - ဇာတကဋ္ဌကထာ (ပထမ) ၊ နည်းစစ် ၊ သံဝဏ္ဏနာစစ်။
ပါဠိမှမြန်မာ ၊ မြန်မာမှပါဠိသို့ ပြန်ဆိုနိုင်ရမည်။
မြန်မာစာစီစာကုံးပြုလုပ်နိုင်ရမည်။ ပါဠိဘာသာဖြင့် ဂါထာစုဏ္ဏိယ စာစီစာကုံးလည်းပြုလုပ်နိုင်ရမည်။ နည်းစစ်၊ သံဝဏ္ဏနာစစ်တို့၏ အဓိပ္ပါယ်နားလည်ရမည်။

## ဒုတိယဆင့် = ဝိနယဓရတန်း

ပထမနေ့ - ပါရာဇိကပါဠိ။
ဘိက္ခုပါတိမောက် အာဂုံဆောင်ရမည်။
အဋ္ဌကထာ ဋီကာတို့၌လာသောနည်းအတိုင်း အနက်အဓိပ္ပါယ် နားလည်ရမည်။

ဒုတိယနေ့ - ပါစိတ္တိယပါဠိ။
ဘိက္ခုနီပါတိမောက် အာဂုံဆောင်ရမည်။

တတိယနေ့ - မဟာဝဂ္ဂပါဠိ။

စတုတ္ထနေ့ - စူဠဝဂ္ဂပါဠိ။

ပဉ္စမနေ့ - ပရိဝါပါဠိ။

ဆဋ္ဌနေ့ = ဝိသုဒ္ဓိမဂ္ဂ။

မှတ်ချက် = ဒုတိယနေ့မှစ၍ ဆဋ္ဌနေ့အထိ သက်ဆိုင်ရာကျမ်းများနှင့် ပတ်သက်၍ အနက်အဓိပ္ပါယ်ကို အဋ္ဌကထာ ဋီကာတို့၌ လာသောနည်းအတိုင်း နားလည်ရမည်။

သတ္တမနေ့ = ဇာတကဋ္ဌကထာ (ဒုတိယ)

ပါဠိမှမြန်မာ ၊ မြန်မာမှပါဠိ ပြန်ဆိုနိုင်ရမည်။ မြန်မာစာစီစာကုံး ပြုလုပ်နိုင်ရမည်။ ပါဠိဘာသာဖြင့် ဂါထာစုဏ္ဏိယ စာစီစာကုံးလည်း ပြုလုပ်နိုင်ရမည်။

## တတိယဆင့် = အာဘိဓမ္မိကတန်း

ပထမနေ့ = ဓမ္မသင်္ဂဏီပါဠိ
အနက် အဓိပ္ပါယ် အရကောက်တို့ကို အဋ္ဌကထာ ဋီကာတို့၌ လာသော နည်းအတိုင်းနားလည်ရမည်။

ဒုတိယနေ့ = ဝိဘင်္ဂပါဠိ
သတိပဋ္ဌာန ဝိဘင်္ဂပါဠိ အာဂုံဆောင်ရမည်။ အနက် အဓိပ္ပါယ်တို့ကို အဋ္ဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

တတိယနေ့ = ဓာတုကထာပါဠိ ၊ ပုဂ္ဂလပညတ္တိပါဠိ
အနက် အဓိပ္ပါယ် အရကောက်တို့ကို အဋ္ဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

စတုတ္ထနေ့ = ကထာဝတ္ထုပါဠိ
အနက် အဓိပ္ပါယ်ကို အဋ္ဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

ပဉ္စမနေ့ = ယမကပါဠိ
အနက် အဓိပ္ပါယ် အရကောက်တို့ကို အဋ္ဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

ဆဋ္ဌနေ့ = ပဋ္ဌာနပါဠိ
ပစ္စယုဒ္ဒေသ ၊ ပစ္စယနိဒ္ဒေသပါဠိတော် အာဂုံဆောင် ရမည်။

အနက် အဓိပ္ပါယ် အရကောက်တို့ကို အဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

သတ္တမနေ့ - ဓမ္မပဒဋ္ဌကထာ

ပါဠိမှမြန်မာ၊ မြန်မာမှပါဠိ ပြန်ဆိုနိုင်ရမည်။ မြန်မာစာစီစာကုံးပြုလုပ်နိုင်ရမည်။ ပါဠိဘာသာဖြင့် ဂါထာစုဏ္ဏိယ စာစီစာကုံးလည်း ပြုလုပ်နိုင်ရမည်။

**စတုတ္ထဆင့် = ဒီဃဘာဏက,မဇ္ဈိမဘာဏကတန်း**

ပထမနေ့ - သီလက္ခန္ဓဝဂ္ဂပါဠိ

ဗြဟ္မဇာလသုတ် ပဌမဘာဏဝါရပါဠိကို အာဂုံဆောင်ရမည်။

ဒုတိယနေ့ - မဟာဝဂ္ဂပါဠိ

မဟာသတိပဌာနသုတ်ကို အာဂုံဆောင်ရမည်။

တတိယနေ့ - ပါထိကဝဂ္ဂပါဠိ

သိင်္ဂါလသုတ်ကို အာဂုံဆောင်ရမည်။

စတုတ္ထနေ့ - မူလပဏ္ဏာသပါဠိ

သတိပဌာနသုတ်၊ အလဂဒ္ဒူပမသုတ်တို့ကို အာဂုံဆောင်ရမည်။

ပဉ္စမနေ့ - မဇ္ဈိမပဏ္ဏာသပါဠိ

မဟာရာဟုလောဝါဒသုတ်ကို အာဂုံဆောင်ရမည်။

ဆဌနေ့ - ဥပရိပဏ္ဏာသပါဠိ

ကာယဂတာသတိသုတ်နှင့် ဘဒ္ဒေကရတ္တသုတ်များကို အာဂုံဆောင်ရမည်။

မှတ်ချက် - အထက်ပါကျမ်းများအားလုံးတို့၏ အနက်အဓိပ္ပါယ်ကို အဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

သတ္တမနေ့ - ဇာတကဋ္ဌကထာ (တတိယ)

ပါဠိမှမြန်မာ၊ မြန်မာမှပါဠိ ပြန်ဆိုနိုင်ရမည်။ မြန်မာစာစီစာကုံး ပြုလုပ်နိုင်ရမည်။ ပါဠိဘာသာဖြင့် ဂါထာစုဏ္ဏိယ စာစီစာကုံးလည်း ပြုလုပ်နိုင်ရမည်။

## ပဉ္စမဆင့် = အင်္ဂုတ္တရဘာဏက , သံယုတ္တဘာဏကတန်း

ပထမနေ့ - အင်္ဂုတ္တရပါဠိ(ပထမ)
စတုက္ကနိပါတ,ဘဏ္ဍဂါမဝဂ္ဂ၌ အပ္ပဿုတသုတ်, သောဘနသုတ်, စက္ကဝဂ္ဂ၌ အပရိဟာနိယသုတ်တို့ကို အာဂုံဆောင်ရမည်။

ဒုတိယနေ့ - အင်္ဂုတ္တရပါဠိ (ဒုတိယ)
ပဉ္စကနိပါတ, သဒ္ဓမ္မဝဂ္ဂ၌ ပဌမသဒ္ဓမ္မသမ္မောသ, ဒုတိယသဒ္ဓမ္မသမ္မောသ, တတိယသဒ္ဓမ္မသမ္မောသသုတ်, ဥဒါယီသုတ် တို့ကို အာဂုံဆောင်ရမည်။

တတိယနေ့ - အင်္ဂုတ္တရပါဠိ(တတိယ)

စတုတ္ထနေ့ - သဂါထာဝဂ္ဂ, နိဒါနဝဂ္ဂသံယုတ္တပါဠိ
သဂါထာဝဂ္ဂ၌ ဝင်္ဂီသသံယုတ်သုတ်ပေါင်း(၁၂)သုတ် နိဒါနသံယုတ္တ မဟာဝဂ္ဂ၌ သုသိမသုတ်တို့ကို အာဂုံဆောင်ရမည်။

ပဉ္စမနေ့ = ခန္ဓဝဂ္ဂ, သဠာယတနဝဂ္ဂသံယုတ္တပါဠိ
ခန္ဓဝဂ္ဂသံယုတ္တ, အတ္တဒီပဝဂ္ဂ၌ အတ္တဒီပသုတ် သဠာယတနဝဂ္ဂ သံယုတ္တ သဂါထာဝဂ္ဂ၌ ပဌမဂေလည, ဒုတိယဂေလညသုတ်တို့ကို အာဂုံဆောင်ရမည်။

ဆဋ္ဌနေ့ = မဟာဝဂ္ဂသံယုတ္တပါဠိ
သတိပဋ္ဌာနသံယုတ္တ, နာဠန္ဒဝဂ္ဂ၌ ဥက္ကစေလသုတ် သီလဋ္ဌိတိဝဂ္ဂ၌ အညတရဗြဟ္မဏသုတ် သိရိဝဍ္ဍသုတ်၊ အာနာပါနသံယုတ္တ, ဒုတိယဝဂ္ဂ၌ ပဌမအာနန္ဒသုတ်ကို အာဂုံဆောင်ရမည်။

မှတ်ချက် - အထက်ပါကျမ်းအားလုံးတို့၏ အနက်အဓိပ္ပါယ်ကို အဋ္ဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

သတ္တမနေ့ - ဇာတကဋ္ဌကထာ(စတုတ္ထ)
ပါဠိမှမြန်မာ၊ မြန်မာမှပါဠိ ပြန်ဆိုနိုင်ရမည်။ မြန်မာစာစီစာကုံးပြုလုပ်နိုင်ရမည်။ ပါဠိဘာသာဖြင့် ဂါထာစုဏ္ဏိယ စာစီစာကုံးလည်း ပြုလုပ်နိုင်ရမည်။

## ဆဋ္ဌဆင့် = ခုဒ္ဒကဘာဏက(ပထမကဏ္ဍ)တန်း

ပထမနေ့ - ခုဒ္ဒကပါဠ၊ ဥဒါန၊ ဣတိဝုတ္တကပါဠိ
ခုဒ္ဒကပါဌ ပါဠိတော်ကို အာဂုံဆောင်ရမည်။ ဥဒါနပါဠိ၌ ပထမဗောဓိ၊ ဒုတိယဗောဓိ ၊ တတိယဗောဓိသုတ်တို့ကို အာဂုံဆောင်ရမည်။
ဣတိဝုတ္တကပါဠိတော် စတုက္ကနိပါတ်၌ လောကသုတ်ကို အာဂုံဆောင်ရမည်။

ဒုတိယနေ့ - သုတ္တနိပါတပါဠိ
မဟာဝဂ်၌ ဒွယတာနုပဿနာသုတ်ကို အာဂုံဆောင်ရမည်။

တတိယနေ့ - ဝိမာနဝတ္ထု၊ ပေတဝတ္ထုပါဠိ
ဆတ္တမာဏဝက ဝိမာနဝတ္ထု၊ ဓာတုဝိဝဏ္ဏပေတဝတ္ထုတို့ကို အာဂုံဆောင်ရမည်။

စတုတ္ထနေ့ - ထေရဂါထာ ထေရီဂါထာပါဠိ
မာလုကျပုတ္တထေရဂါထာ၊ သတ္တကနိပါတ၌ ဥတ္တရာထေရီဂါထာတို့ကို အာဂုံဆောင်ရမည်။

ပဥ္စမနေ့ - မဟာနိဒ္ဒေသပါဠိ
ဂုဟဋ္ဌကသုတ်ကို အစမှစ၍ "ဥဘောသု အန္တေ ဝိနေယျ ဆန္ဒံ" အစရှိသော ဂါထာ၏အဖွင့်အကုန်အထိ အာဂုံဆောင်ရမည်။

ဆဋ္ဌနေ့ - စူဠနိဒ္ဒေသပါဠိ
မောဃရာဇပဉှာ၌ " သုညတော လောကံ အဝေက္ခဿု "အစရှိသော ဂါထာ၏ အဖွင့်အကုန်အထိ အာဂုံဆောင်ရမည်။

မှတ်ချက် - အထက်ပါပဋ္ဌမနေ့မှ ဆဋ္ဌနေ့အထိ သက်ဆိုင်ရာကျမ်းများ အားလုံးတို့၏ အနက်အဓိပ္ပါယ်ကို အဋ္ဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

သတ္တမနေ့ - ဇာတကဋ္ဌကထာ(ပဥ္စမ)
ပါဠိမှမြန်မာ၊ မြန်မာမှပါဠိ ပြန်ဆိုနိုင်ရမည်။ မြန်မာစာစီစာကုံးပြုလုပ်နိုင်ရမည်။ ပါဠိဘာသာဖြင့် ဂါထာစုဏ္ဏိယ စာစီစာကုံးလည်း ပြုလုပ်နိုင်ရမည်။

## သတ္တမဆင့် = စုဒ္ဒကဘာဏက(ဒုတိယကဏ္ဍ)တန်း

ပထမနေ့ = ပဋိသမ္ဘိဒါမဂ္ဂပါဠိ
သီလမယ ဉာဏနိဒ္ဒေသမှ ဝိမုတ္တိဉာဏနိဒ္ဒေသအကုန်အထိ အာဂုံဆောင်ရမည်။

ဒုတိယနေ့ = အပဒါနပါဠိ
အာနန္ဒတ္ထေရအပဒါန၊ ဧကူပေါသထိကာ ထေရီအပဒါန တို့ကို အာဂုံဆောင်ရမည်။

တတိယနေ့ = ဗုဒ္ဓဝံသပါဠိ ၊ စရိယာပိဋကပါဠိ
ဗုဒ္ဓဝံသ၌ ဗုဒ္ဓပကိဏ္ဏကကဏ္ဍ ၊ စရိယာပိဋက၌ မစ္ဆရာဇစရိယတို့ကို အာဂုံဆောင်ရမည်။

စတုတ္ထနေ့ = နေတ္တိပါဠိ

ပဉ္စမနေ့ = ပေဋကောပဒေသပါဠိ

ဆဋ္ဌနေ့ = မိလိန္ဒပဉှပါဠိ

မှတ်ချက် = အထက်ပါ ပထမနေ့မှဆဋ္ဌနေ့အထိ သက်ဆိုင်ရာကျမ်းများ အားလုံးတို့၏ အနက် အဓိပ္ပါယ်ကို အဋ္ဌကထာ ဋီကာတို့၌လာသော နည်းအတိုင်း နားလည်ရမည်။

သတ္တမနေ့ = ဇာတကဋ္ဌကထာ (ဆဋ္ဌ–သတ္တမ)
ပါဠိမှမြန်မာ ၊ မြန်မာမှပါဠိ ပြန်ဆိုနိုင်ရမည်။ မြန်မာစာစီစာကုံးပြုလုပ်နိုင်ရမည်။ ပါဠိဘာသာဖြင့် ဂါထာစုဏ္ဏိယ စာစီစာကုံးလည်းပြုလုပ်နိုင်ရမည်။

အထူးမှတ်ချက်။ ဤသင်ရိုးညွှန်းတမ်းပါ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်း အားလုံးတို့ကို ဆဋ္ဌမူအတိုင်း အတည်ပြုသတ်မှတ် ပြဋ္ဌာန်းပါသည်။

# နောက်ဆက်တွဲ(စ)
# စာဖြေပုဂ္ဂိုလ်များနှင့်သက်ဆိုင်သောပရိယတ္တိစာမေးပွဲဆိုင်ရာ
# လုပ်ထုံးလုပ်နည်းများ
## အပိုဒ် (၁၂) (တ)

စာဖြေပုဂ္ဂိုလ်သည်

၁။ စာ, စဖြေရန်သတ်မှတ်ထားသည့် မွန်းတည့် ၁၂-နာရီအချိန် မကျရောက်မီ အချက်ပေးလျှင် မိမိ၏ခုံအမှတ်ရှိရာ စာဖြေခုံ၌ ရောက်ရှိစေရမည်။ စာအုပ်စာတမ်းများ မှတ်စုများ မိမိအနီးအနား၌မထားရ၊ မရှိစေရ။

၂။ သူတစ်ပါးအား မိမိကိုယ်စား ဝင်ရောက်ဖြေဆိုစေခြင်း မပြုရ။

၃။ အဖြေလွှာစာအုပ်မျက်နှာဖုံးရှိ ကွက်လပ်များ၌ ဖြည့်သွင်းရေးသားရန် လိုအပ်သော အချက်များကို ပီသစွာဖြည့်သွင်းရေးသားရမည်။

၄။ (က) မေးခွန်းပုစ္ဆာများနှင့်ပတ်သက်၍ မရှင်းမလင်းသောအချက်များ မေးမြန်းလိုလျှင်

(ခ) စာရွက်ဖြစ်စေ၊ မင်ဖြစ်စေ တစ်စုံတစ်ခုလိုအပ်လျှင်

(ဂ) အဖြေလွှာစာအုပ်ပေးအပ်လိုလျှင် မတ်တပ်ရပ်ပြရမည်။

(စာမေးပွဲဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးဦးလာရောက်၍ လိုအပ်သော အကူအညီ ပေးလိမ့်မည်)

၅။ အခြားစာဖြေပုဂ္ဂိုလ်များအား အနှောက်အယှက်ဖြစ်စေသည့် စာပွဲခုံကို တစ်စုံတစ်ခုဖြင့် တီးခေါက်ခြင်း စသည့်အပြုအမူမျိုးမပြုရ။

၆။ ကိုယ်လက်သုတ်သင်လိုခြင်းစသည့် ကိစ္စတစ်စုံတစ်ခုဖြစ်ပေါ်လာ၍ စာဖြေခန်းမှ ထွက်ခွာသွားလိုလျှင် စာမေးပွဲဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်တစ်ဦးဦးထံ ခွင့်ပန် သွားရမည်။

၇။ စာဖြေဆိုနေစဉ် သမဏသာရုပ္ပမဖြစ်သော ဆေးလိပ်သောက်ခြင်း၊ ဆေးတံသောက်ခြင်း မပြုရ။

၈။ စာဖြေဆိုနေစဉ် စာဖြေပုဂ္ဂိုလ်အချင်းချင်း စကားပြောဆိုခြင်းမပြုရ၊ စာကူးခြင်း၊ စာကူးယူရန် တစ်ပါးသူအား စာရေးသားပေးခြင်းမပြုရ။

၉။ စာဖြေဆိုသည့် နောက်ဆုံးနေ့တွင် စာမေးပွဲဖြေဆိုခွင့်လက်မှတ်ကို မိမိ အဖြေလွှာနှင့်အတူ ပြန်လည်ပေးအပ်ရမည်။ ပျက်ကွက်လျှင် မိမိအဖြေလွှာများကို ကြည့်ရှုစစ်ဆေးခြင်းပြုလိမ့်မည်မဟုတ်။

၁၀။ မွန်းတည့် ၁၂-နာရီမှ ၁၅-မိနစ်ဆက်ကျော်လွန်၍ ရောက်လာသော ပုဂ္ဂိုလ်များအား ဖြေဆိုခွင့်ပေးလိမ့်မည်မဟုတ်။

၁၁။ အဖြေလွှာစာရွက်များပေါ်တွင် အဖြေများမှတစ်ပါး အခြားအကြောင်းအရာ တစ်စုံတစ်ရာ ရေးသားခြင်းမပြုရ။

## နည်းလမ်းလေးသွယ် ပညာကြွယ်

(ပြဋ္ဌာန်းချက်စုံ  အကုန်ကြိုးစား)

* ပြဋ္ဌာန်းချက်စုံ၊ စွမ်းအားထုံ၊ အကုန်ကြိုးစားရ။
* အကြားမရှိ၊ စွမ်းအားပြည့်ရန်၊ စိတ်အားသန်၊ မှန်မှန်ကြိုးစားရ။
* ကာလရှည်ကြာ၊ ကြိုးစားကာ၊ လွန်စွာခွဲရှိရ။
* အလုပ်လေးစား၊ ရိုသေငြား၊ စွမ်းအားလွန်တက်ကြွ။
* နည်းလမ်းလေးသွယ်၊ ပညာကြွယ်၊ ခန့်ထည်စွမ်းပြည့်ဝ။
* တရားလေ့လာ၊ ဖြည့်ကျင့်ပါက၊ လူ့ဘဝထဲ၊ စာမေးပွဲ၊ မလွဲအောင်နိုင်ကြ။

**တိပိဋက ယော ဆရာတော်**

**🙏အရှင်သီလဝံသာလင်္ကာရ(Y.S.O)🙏**